http://www.dhammadownload.com

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၂၂)

# အတ္တဟိတ နှင့် ပရဟိတ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာမှုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အတ္တဟိတ နှင့် ပရဟိတ

တခြားဘာသာဝင်တွေ ယုံကြည်တာက ဘာလဲ လို့ဆိုရင် အနန္တတန်ခိုးရှင်ရဲ့အစွမ်းတန်ခိုးကိုယုံကြည်တာ၊ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်တာက မြတ်စွာဘုရားရဲ့ အနန္တတန်ခိုးကို ယုံကြည်တာ မဟုတ်ဘူး၊ ဘာကို ယုံကြည်တာတုန်းဆို မြတ်စွာဘုရားရဲ့ အသိဉာဏ်ကို ယုံကြည်တာလို့၊ ဒီလို ခွဲခြားပြီး မှတ်သားဖို့လိုအပ်တယ်။

ဒါဖြင့် အစွမ်းတန်ခိုးယုံတာနဲ့ အသိဉာဏ်ယုံတာ ဘာကွာလဲ၊ သေချာစဉ်းစားကြည့်ရမယ်၊ အစွမ်းတန်ခိုး ကို ယုံတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ တန်ခိုးရှင်ရဲ့ မစမှုကို ခံယူချင်တဲ့ပုဂ္ဂိုလ်ပဲ၊ "တန်ခိုးနဲ့ ဒို့ကို မ,လိမ့်မယ်၊ ဒို့ကို ကယ်လိမ့်မယ်"ဆိုတဲ့ မျှော်လင့်ချက်နဲ့ တန်ခိုးရှင်ကို အားကိုးယုံကြည်ကြတယ်၊ မိမိရဲ့ ကောင်းကျိုးဆိုးကျိုးကို တန်ခိုးရှင်က ပြုလုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကိုးကွယ်ကြတယ်။

http://www.dhammadownload.com



အသိဉာဏ်ကို ယုံကြည်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ မ,မယ်ဆိုတဲ့အတွေးနဲ့ မစ,လိမ့်မယ်၊ အကောင်းအဆိုး အကျိုးနှစ်မျိုးကို ဒို့အတွက် ခွဲခြားပြီးတော့ ကောင်းကျိုးတွေကို ပေးလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ အသိဉာဏ်ကို ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ "မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေ၊ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ဟောပြောတဲ့ အဆုံးအမတရားတွေဟာ ဘယ်တော့မှ လွဲချော်တိမ်းပါးခြင်းမရှိဘူး၊" မြတ်စွာဘုရားက မလုပ်သင့်ဘူးဆိုတာကို မလုပ်ဘဲနေဖို့ လုပ်သင့်တယ်ဆိုတာကို လုပ်ဖို့ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားပြီးတော့ ဟောပြောတဲ့အခါမှာ မှားယွင်းချွတ်ချော်မှုဆိုတာ မရှိဘူး၊ မလုပ်သင့်ဘူးဆိုတာ လုပ်ရင် အပြစ်ဖြစ်တယ်၊ လုပ်သင့်တယ်ဆိုတာ လုပ်ရင် ကောင်းကျိုး

http://www.dhammadownload.com



ချမ်းသာတွေကို ရနိုင်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမ ဒီလို အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အဆုံးအမဟာ ဘယ်တော့မှ လွဲချော်မှု မရှိဘူး၊ ဒါကြောင့်မို့ ဘုရားက မလုပ်ရဘူး ဆိုတာ တို့ရှောင်မယ်၊ လုပ်ရမယ်ဆိုတာ တို့ လုပ်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကိုးကွယ်ကြတာ ဖြစ်တယ်၊ အဲဒီတော့ အသိဉာဏ်ကို ယုံကြည်လို့ ကိုးကွယ်တာက ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ရှိတာယ်၊ အစွမ်းတန်ခိုးကို ယုံကြည်လို့ ကိုးကွယ်တာကျတော့ ကိုယ့်အားကိုယ်ကိုး မဟုတ်ဘူး၊ ဘုရားသခင်ကိုပဲ အားကိုးတာ၊ အဲဒီလို မတူညီတာရှိတာယ်။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အနေနဲ့ ဒို့ယုံကြည်တာ ဘုရားကို ယုံကြည်တယ် ဆိုတာ ဘာယုံကြည်တာတုန်းသိရမယ်။ စာပေကျမ်းဂန်မှာ

http://www.dhammadownload.com



အတိအလင်းဆိုထားတယ် 'သဒ္ဒဟတိ တထာဂတဿ ဗောဓိံ' "တထာဂတဿ၊ မြတ်စွာဘုရားရဲ့။ ဗောဓိံ ဉာဏ်တော်ကြီးကို။ သဒ္ဒဟတိ၊ ယုံကြည်တယ်။" အသိဉာဏ်ကို ယုံကြည်တယ်လို့ ပြောတာနော်၊ တန်ခိုးကို ယုံကြည်တယ်လို့ ပြောတာမဟုတ်ဘူး၊ အသိဉာဏ် ယုံကြည်သောအားဖြင့် ဒီ ဘုရား ဟောကြားတဲ့ တရားဟာ လွဲမှားမှုမရှိဘူး၊ လွဲမှားမှု မရှိတာကို လိုက်နာကျင့်သုံးဖို့ ဒို့တာဝန်ဆိုတဲ့ ခံယူချက်ဟာ ရှိလာတယ်၊ ဒီအဓိပ္ပါယ်ကို ဆိုလိုတာ။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း ဘဝမှာ နေထိုင်ကြရတာ၊ မြတ်စွာဘုရားက ရှောင်ကြရမယ် ဆိုတာကို

2B

http://www.dhammadownload.com



ရှောင်ကြတယ်၊ လုပ်ရမယ်ဆိုတာကို လုပ်ကြရတယ်၊ သံသရာဝဋ်က လွတ်ချင်လို့ရှိရင် ဒီလမ်းကို သွားရမယ်၊ ဒီလမ်းကို မသွားရဘူးဆိုတာ မသွားရမယ့်လမ်းကို ရှောင်တယ်၊ သွားရမယ့်လမ်းကို သွားတယ်၊ ဒီလို ဆိုလိုတာ။

ဒါကြောင့်မို့လို့ ခုလိုတရားပွဲကြီးတွေ ကျင်းပပြီးတော့ တရားနာကြတယ်ဆိုတာ ဘာလဲ၊ အသိဉာဏ်ရဖို့ပဲ၊ မြတ်စွာဘုရားဟောပြောတဲ့ တရားမွေတွေကို မိမိတို့သိအောင် ကြိုးစားကြရမယ်၊ သိအောင် ကြိုးစားပြီး ဘာလုပ်မှာလဲ၊ "သိပြီးတဲ့အခါမှာ အဓိပ္ပါယ်ကို နားလည်အောင်၊ စဉ်းစားကြရမယ်၊ အဓိပ္ပါယ်ကို စဉ်းစားနားလည်ပြီးတဲ့ အခါမှာ လက်တွေ့ကျင့်သုံးကြရမယ်၊ ဒီလိုဆိုတာ၊ ဒါကြောင့်မို့ တရားနာတယ်

http://www.dhammadownload.com



ဆိုတာ နာရုံနဲ့ မပြီးဘူး၊ "နာပြီး မှတ်သားရမယ်၊ မှတ်သားပြီး အဓိပ္ပါယ်စဉ်းစားရမယ်၊ စဉ်းစားပြီး လက်တွေ့ကျင့်သုံးရမယ်၊" လက်တွေ့ကျင့်သုံးမှ ကောင်းကျိုးဆိုတာ ဖြစ်မယ်၊ ဒါက ရှင်းရှင်းလေးပဲ။

ဆရာဝန်က ဆေးညွှန်လိုက်တယ်၊ ရောဂါပျောက်ချင်တယ်ဆိုရင်၊ ဒီဆေးကို သောက်ရမယ်၊ လူနာလုပ်တဲ့ ပုဂ္ဂိုလ်က ဆေးကိုတော့ ယူထားတယ်၊ ဆေးမသောက်ဘူးဆိုရင် ရောဂါမပျောက်ဘူး၊ ထို့အတူပဲ မြတ်စွာဘုရားက ဒီအကျင့်ကို ကျင့်ရမယ်လို့ ဆုံးမဩဝါဒပေးထားတယ်၊ ဒီလမ်းကို မလိုက်ရဘူး၊ ဒီလမ်းကို လိုက်ရမယ်လို့ ညွှန်းတဲ့တယ်။ မလိုက်ရဘူးဆိုတဲ့လမ်းကို လိုက်မယ်၊ လိုက်ရမယ့်လမ်းကို မလိုက်ဘူး ဆိုလို့ရှိရင်တော့ ကောင်းကျိုးဆိုးကျိုး မရနိုင်ဘူးတဲ့၊ ဒီလိုဆိုလိုတယ်။

http://www.dhammadownload.com



ကောင်းကျိုး မရနိုင်ဘူး၊ မလိုက်ရမယ့် လမ်းကို လိုက်ရင်တော့ ဆိုးကျိုးတွေပဲ ဖြစ်မှာပဲ၊ ဒါကြောင့်မို့လို့ ယုံကြည်မှုခြင်းဟာ မတူညီကြဘူး။

"မြတ်စွာဘုရားကို ယုံတယ်ဆိုတာ အသိဉာဏ်ကို ယုံကြည်တယ်၊ အသိဉာဏ်ကို ယုံကြည်တော့ အသိဉာဏ်နဲ့ ဟောပြောထားတဲ့တရားကို ယုံကြည်တယ်၊ အသိဉာဏ်နဲ့ ဟောပြောထားတဲ့တရားကို ယုံကြည်ခြင်းကြောင့် လိုက်နာကျင့်သုံးတယ်"ဆိုတဲ့ ဒီ process လို့ ခေါ်တဲ့ ဖြစ်စဉ်တစ်ခုဟာ ဖြစ်ပေါ်လာတယ်၊ ဒါမှ လမ်းကြောင်းမှန်ပေါ် ရောက်တယ်လို့ ဒီလို မှတ်ရမယ်။

ဒီကနေ့ ဟိတ နဲ့ ပတ်သက်တဲ့ သုတ္တန် (၅)ခု အနှစ်ချုပ်ပြီးတော့ ဘုန်းကြီးတို့ ရှင်းပြမယ်၊ အတ္တ ဟိတ

http://www.dhammadownload.com



ပရဟိတ၊ အတ္တဟိတ ဆိုတာ ဘာလဲ၊ ပရဟိတ ဆိုတာ ဘာလဲ၊ ဟိတဆိုတဲ့စကားလုံးလေးရဲ့ အဓိပ္ပါယ်က၊ ဟိတဆိုတာ အကျိုးစီးပွား၊ အကျိုးစီးပွားဆိုတာ အကျိုးတရားတွေကို ဖြစ်ထွန်းစေတတ်တဲ့ အကြောင်းတရားလို့ ဒီလိုဆိုလိုတယ်၊ အကျိုးကို ပွားစီးစေတတ်တဲ့ အကြောင်းတရား, ဖြစ်စေတတ်တဲ့ အကြောင်းတရားကို ဟိတလို့ခေါ်တာ၊ ဒီတော့အကြောင်းက ဘာတုန်းဆိုရင် အခြေအနေ ကောင်းတွေပေါ့။

ဟိတဆိုတာ အခြေအနေကောင်းတွေကို ပြောတာ၊ ဆိုပါစို့ - စိုက်ပျိုးရေးလုပ်တဲ့ ပုဂ္ဂိုလ်ရဲ့ အခြေအနေကောင်းက ဘာလဲ၊ စိုက်ပျိုးရေးလုပ်မယ် ဆိုလို့ရှိရင် အခြေအနေကောင်း ဆိုတာ မြေကောင်း ရေကောင်း ရှိရမယ်၊ ရာသီဥတု ကောင်းမွန်ရမယ်၊

http://www.dhammadownload.com



စိုက်ပျိုးရေးတော့ လုပ်တယ်၊ မြေကလည်း ညံ့တယ်၊ မိုးကလည်း ခေါင်တယ်ဆိုတဲ့ဒေသမှာ သွားလုပ်လို့ အောင်ပါ့မလား။ မအောင်နိုင်ဘူး၊ အခြေအနေကောင်း ဆိုတာ ရှိရမယ်၊ အခြေအနေကောင်းရှိမှ အကျိုးဆိုတာ ဖြစ်ထွန်းမှာ၊ အဲဒီတော့ ဟိတဆိုတာ အဲဒီလို အခြေ အနေကောင်းကို ပြောတာ၊ စီးပွားရှာဖို့အတွက် အခြေ အနေကောင်းတယ်၊ စိုက်ပျိုးရေးလုပ်ဖို့ အခြေအနေ ကောင်းတယ်၊ ပညာသင်ဖို့အတွက် အခြေအနေ ကောင်းတယ်၊ ဒီအခြေအနေကောင်းတွေကို ဆိုလိုတာ၊ အဲဒီအခြေအနေကောင်းတွေ ဖန်တီးပေးတော့မှ အကျိုးတရားတွေဆိုတာ ဖြစ်လာတာ၊ အဲဒီ အကျိုး တရားတွေကို ပွားစီးစေတတ်တာ အခြေနေကောင်းပဲ၊ ဒီလိုပြောတာ။

http://www.dhammadownload.com



မိဘတွေက သားသမီးတွေကို ချစ်လို့ ပညာတတ်ဖို့ဆိုတဲ့ အကျိုးတရားရဖို့၊ ပညာတတ်ကြီးဖြစ်တယ်ဆိုတဲ့ အကျိုးတရားရဖို့အတွက် ဘာအခြေအနေတွေ ဖန်တီးပေးလဲ၊ ကိုယ်ကိုယ်တိုင်သားသမီးရှိနေကြတဲ့ မိဘတွေအနေနဲ့ စဉ်းစားကြည့်အခြေအနေကောင်းတွေကို ဖန်တီးပေးတာ ဘာလဲဆိုလို့ ကျောင်းကောင်းကောင်း ထားပေးမယ်၊ ဆရာကောင်းကောင်းထံ အပ်ပေးမယ်၊ ဒါ အခြေအနေကောင်းကို ဖန်တီးပေးတာလေ၊ ကိုယ် ကိုယ်တိုင်ကသားသမီး ပညာတတ်အောင် စာကျက်ပေးလို့ ရတာမှမဟုတ်တာ၊ မိဘလုပ်နိုင်တာက အခြေအနေကောင်းတစ်ခုကို ဖန်တီးပေးရုံပဲ ဖန်တီးပေးနိုင်တာ။

အဲဒီလို ဖန်တီးပေးလျက်သားနဲ့ အခြေအနေကောင်းလျက်သားနဲ့ သားသမီးက မလုပ်ဘူးဆိုလို့ရှိရင်

http://www.dhammadownload.com



ပညာတတ်ပါ့မလား။ မတတ်ဘူး၊ ထို့အတူပဲ စီးပွားဥစ္စာ ရှာတဲ့နေရာမှာ အခြေအနေကောင်းဆိုတာ ဘာလဲ၊ ငွေကြေးမတတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေကို ငွေကြေးထောက်ပံ့ ကူညီပေးတယ်၊ စီးပွားရှာနည်း မသိတဲ့ပုဂ္ဂိုလ်တွေကို စီးပွားရှာနည်း ပြောပြပေးတယ်၊ အကြံဉာဏ်ကောင်းတွေ ပေးတယ်၊ ဒါ အခြေအနေကောင်းတွေ ဖန်တီးပေးတာ၊ သူကိုယ်တိုင် အလုပ်လုပ်ရမယ်၊ အကယ်၍ ကိုယ်တိုင်မလုပ်ဘူးဆိုလို့ရှိရင် အခြေအနေကောင်း လျက်သားနဲ့ မလုပ်လို့ရှိရင် စီးပွားတိုးတက်ခြင်း ဆိုတဲ့ အကျိုးတရား မရနိုင်ဘူး၊ ဘယ်အရာပဲ ဖြစ်ဖြစ် အကြောင်းတရားကို ဖန်တီးပေးရတယ်၊ အခြေအနေကောင်းတွေကို ဖန်တီးပေးမှ ကောင်းမြတ်တဲ့ အကျိုး စီးပွားဆိုတာ ရတယ်။

http://www.dhammadownload.com



ဒါကြောင့် အတ္တဟိတ ပရဟိတမှာ ဟိတဆိုတဲ့ စကားသည် အကျိုးတရားတွေကို ဖြစ်ပွားစေတတ်တဲ့ အကြောင်းတရား၊ အကျိုးတရားတွေကို ပွားစီးစေတတ်တဲ့ အကြောင်းတရားကို ဟိတလို့ ဒီလိုဆိုတယ်၊ ဒီလို မှတ်ရမယ်။

အခု မြတ်စွာဘုရားပွင့်တော့ ဘုရားတရားတော်တွေ ထင်ရှားရှိတယ်၊ ဘုရားဟောတဲ့တရားတွေ ကြားနာခွင့် လေ့လာခွင့် သင်ယူခွင့် ရနေကြတယ်၊ ဒါ အခြေအနေကောင်းလို့ခေါ်တယ်၊ အဲဒီလို အခြေအနေ ကောင်း ကြုံရဲ့သားနဲ့ ဘုရား တရားတော်တွေကို မိမိက သင်ယူခြင်း၊ လေ့လာခြင်း၊ လိုက်နာခြင်း မရှိဘူး ဆိုလို့ရှိရင် အသိပညာဆိုတာ ဖြစ်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ အခြေအနေကတော့ ကောင်းတယ်၊ မလုပ်ဘူး၊ ဒါ မလုပ်တဲ့လူရဲ့ အပြစ်ပဲလေ၊ ဒီလိုဆိုလိုတာ။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ အတ္တဟိတဆိုတာ ကိုယ့်ရဲ့ အခြေအနေကောင်းတွေ ဖန်တီးရမယ်၊ ပရဟိတ ဆိုတာ တစ်ဖက်သားရဲ့အခြေအနေတွေကို ဖန်တီး ပေးတာ၊ အဲဒါကိုပဲ အတ္တဟိတ၊ ပရဟိတလို့ခေါ်တယ်၊ "အတ္တ"ဆိုတာ မိမိကိုယ်ကို ပြောတာ၊ "ပရ"ဆိုတာ မိမိမှတစ်ပါး အခြားသူတွေကို ပြောတာ၊ အဲဒီတော့ အခြေအနေကောင်းအောင် ဖန်တီးပေးတဲ့အခါမှာ ကိုယ့်အတွက် အခြေအနေကောင်းရယ်၊ သူ့အတွက် အခြေအနေကောင်းရယ်၊ ဒီအခြေအနေကောင်းနှစ်ခု ဖန်တီးပေးခြင်းကို အတ္တဟိတ၊ ပရဟိတလို့ခေါ်တယ်၊ အဲဒီမှာ အတ္တဟိတကိုလည်း လုပ်ရမယ်၊ ပရဟိတ ကိုလည်း လုပ်ရမယ်၊ ဒီလို ဆိုလိုတာနော်။

များသောအားဖြင့် ပရဟိတ၊ ပရဟိတဆိုပြီးတော့ ပြောနေကြတယ်၊ လောကလူတွေက ဂုဏ်ယူပြီးတော့

http://www.dhammadownload.com



ပြောကြတယ်၊ ကိုယ်ကျိုးမငဲ့ဘဲနဲ့ သူတစ်ပါးအကျိုးကို လုပ်တယ်ဆိုတဲ့ စကားပြောပြီးတော့ ဂုဏ်ယူတတ်ကြတယ်၊ အမှန်မသိလို့ အမှန်သိရမယ်၊ ဘယ်ဟာက ကိုယ်ကျိုးလဲ၊ ဘယ်ဟာက သူ့အကျိုးလဲဆိုတာကို အမှန်သိဖို့ လိုတယ်။

မြတ်စွာဘုရားက လောကလူသားတွေကို ပုဂ္ဂိုလ်လေးမျိုးနဲ့ ထည့်သွင်းပြီးတော့ ခွဲခြားပြတယ်၊ ကမ္ဘာမှာရှိတဲ့ လူသားတွေ အားလုံးကို ဟောဒီလေးချက်နဲ့ပဲ ခွဲပြထားတယ်၊ မြန်မာနိုင်ငံရှိတဲ့ လူတွေရော အကုန်လုံး ဒီလေးမျိုးနဲ့ပဲ ခွဲတယ်၊ အဲဒီလေးမျိုးထဲမှာ ထင်ရှားလာလိမ့်မယ်၊ ဘယ်ဟာအကောင်းဆုံးလဲ ဆိုတာ။

အဲဒီတော့ ပထမအတ္တဟိတသုတ္တန်အရ ရှေးဦးစွာ ဒါကို မှတ်သားရမယ်၊ မြတ်စွာဘုရားက

http://www.dhammadownload.com



"စတ္တာရော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ" တဲ့၊ ဒီလောကကြီးထဲမှာ ပုဂ္ဂိုလ်လေးမျိုး ရှိတယ်၊ လူလေးမျိုးရှိတယ်လို့ (မြန်မာပြည်မှာ ပုဂ္ဂိုလ်လို့ ဆိုတဲ့အခါ တစ်မျိုးထင်တယ်၊ ပုဂ္ဂိုလ်ကြွလာတယ် ဆိုတာကို မမြင်ရတဲ့ဟာကို ပုဂ္ဂိုလ်လို့ထင်နေသေးတယ်၊ ပုဂ္ဂိုလ်ကြီးဆိုတဲ့ အခါကျတော့လည်း တစ်မျိုးပဲ၊ ရာထူး ကြီးတဲ့ လူကိုလည်း ပုဂ္ဂိုလ်လို့ခေါ်တာ၊ သာမန်လူတွေကို ပုဂ္ဂိုလ်လို့မခေါ်သည့်အတွက်ကြောင့် တော်ကြာကျတော့ ပုဂ္ဂိုလ်အတွက် မှားနေတယ်ဆိုတာကို ပြောပြတာ။)

"ပုဂ္ဂလ" ပုဂ္ဂိုလ်ဆိုတဲ့စကားက သတ္တဝါလို့ ပြောလိုတာပဲ၊ အားလုံးအားလုံးကို ရည်ညွှန်းတယ်။ "သဗ္ဗေသတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ" ဆိုရာမှာ ပုဂ္ဂလဆိုတာ သတ္တဝါကို ပြောတာ၊

http://www.dhammadownload.com



လူဆိုရင် လူတွေအားလုံးကို ညွှန်းတဲ့ စကားလုံးပေါ့၊ ဒီလိုဆိုတယ်။

ဒါကြောင့်မို့လို့ ကမ္ဘာလောကကြီးကို ကြည့်လိုက်မယ်ဆိုရင် လူသားတွေပဲ ဦးတည်ပြောရအောင်၊ လူလေးမျိုးနဲ့ ခွဲခြားပြတယ်၊ လူလေးမျိုး ရှိတယ်တဲ့၊ လူလေးမျိုးက ဘာတုန်းဆို၊

နံပါတ် (၁) အမျိုးအစားက "အတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ" ရှင်းရှင်းလေး။ မြတ်စွာဘုရားက ဟောတာ၊ "မိမိရဲ့ အကျိုးစီးပွားကိုတော့ လုပ်တယ်၊ သူတစ်ပါးရဲ့အကျိုးစီးပွားကိုတော့ မလုပ်ဘူး၊" မိမိရဲ့ အကျိုးစီးပွားကိုသာ လုပ်ပြီးတော့ သူတစ်ပါးရဲ့ အကျိုးစီးပွားကို မလုပ်ဘဲနေတဲ့ပုဂ္ဂိုလ်၊ ဒါက တစ်ဦး။

နောက် ဒုတိယအမျိုးအစားက ဘာတုန်းဆို၊ ပရဟိတာယ ပဋိပန္နော၊ အများရဲ့အကျိုးကိုတော့

http://www.dhammadownload.com



လုပ်တယ်၊ "နော အတ္တဟိတာယ ပဋိပန္နော" ကိုယ့်အကျိုးကိုတော့ မလုပ်ဘူးဆိုတဲ့ပုဂ္ဂိုလ်က တစ်ခု၊

နောက် တတိယအမျိုးအစားကတော့ "နေဝ အတ္တာဟိတာယ ပဋိပန္နော" ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ "နပရဟိတာယ ပဋိပန္နော" အများအကျိုး တစ်ဖက်သားရဲ့အကျိုးကိုလည်း မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်တစ်ခု၊

စတုတ္ထအမျိုးအစားက "အတ္တဟိတာယ စေဝ ပဋိသန္နော၊ ပရဟိတာယ စ ပဋိပန္နော" ကိုယ့်အကျိုး အတွက်လည်း လုပ်တယ်၊ အများအကျိုး အတွက် လည်း လုပ်တယ်၊ လေးမျိုး ဒီလေးမျိုးကို ရှေးဦးစွာ မှတ်သားရမယ်၊ မှတ်သားပြီးတော့ ငါတို့ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်၊ ဘယ်လိုလူစား မျိုးဖြစ်ဖို့လိုသလဲ ဆိုတာကို မြတ်စွာဘုရား ဟောတဲ့အတိုင်း မှတ်ရမယ်။

http://www.dhammadownload.com



ကိုယ့်အကျိုးသာ လုပ်ပြီး သူတစ်ပါးအကျိုး မလုပ်သူက တစ်ဦး၊ သူတစ်ပါးအကျိုးသာ လုပ်ပြီးတော့ ကိုယ့်အကျိုး မလုပ်တာက တစ်ဦး၊ ဘယ်သူ့ အကျိုးမှ မလုပ်ဘူး၊ ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူတစ်ပါး အကျိုးလည်း မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကတစ်ဦး၊ ကိုယ့်အကျိုးလည်း လုပ်တယ်၊ သူတစ်ပါး အကျိုးလည်း လုပ်တယ်ဆိုတဲ့ပုဂ္ဂိုလ်က တစ်ဦး၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရားက ဒီလို လေးမျိုးပဲခွဲပြတယ်၊ ခွဲပြပြီးတော့ ဘယ်သူက ကောင်းတယ်၊ ဘယ်သူက မကောင်းဘူး ဆိုတာကို မြတ်စွာဘုရားက မဟောဘူး၊ မဟောဘဲနဲ့ ထားတယ်။

'ဆဝါလာတသုတ်' ကျတော့ ဒီ လူလေးမျိုးကို ခွဲခြားပြီးတော့ မြတ်စွာဘုရားက ဘယ်ပုဂ္ဂိုလ်က

http://www.dhammadownload.com



အကောင်းဆုံးလဲ ဘယ်ပုဂ္ဂိုလ်က အဆိုးဆုံးလဲဆိုတာကို ရှင်းပြတယ်၊ 'ဆဝါလာတ' မှာ "ဆဝ" ဆိုတာ လူသေကောင်၊ "အလာတ"ဆိုတာ မီးရှို့တဲ့ထင်းစ၊ လူသေမီးရှို့တဲ့ မီးစကို ဆဝါလာတလို့ ခေါ်တယ်၊ အလောင်းကောင်ကို မီးရှို့တဲ့ထင်းပေါ့၊ မီးရှို့ထားတဲ့ ထင်းစကို "ဆဝါလာတ"လို့ ခေါ်တယ်။

ဒီသုတ္တန်ကျတော့ မြတ်စွာဘုရားက လူလေးမျိုး ခွဲပြတယ်၊ နံပါတ်တစ်၊ ကိုယ်ကျိုးသာလုပ်ပြီး သူများ အကျိုး မလုပ်တဲ့ပုဂ္ဂိုလ်၊ နံပါတ်နှစ် သူများအကျိုးသာ လုပ်ပြီး ကိုယ့်အကျိုးမလုပ်တဲ့ ပုဂ္ဂိုလ်၊ နံပါတ်သုံး ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူတစ်ပါးအကျိုးလည်း မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်၊ နံပါတ်လေး ကိုယ့်အကျိုးလည်း လုပ်တယ်၊ သူ့အကျိုးလည်း လုပ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်၊

4A

http://www.dhammadownload.com



အဲဒီလို လူလေးမျိုးခွဲခြားပြီးတော့ မြတ်စွာဘုရားက ဥပမာပေးတယ်။

အဲဒီပုဂ္ဂိုလ်လေးမျိုးထဲမှာ နံပါတ်သုံးဖြစ်တဲ့ ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူတစ်ပါးအကျိုးလည်း မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့ ဥပမာတူတုန်းဆိုရင် လူသေကောင်ကို မီးရှို့တဲ့ထင်းနဲ့ အလားတူတယ်၊ ဘယ်လိုတူတာတုန်းလို့ဆို လူသေကောင်ကို မီးသင်္ဂြိုဟ်ကြတယ်၊ လူသေကောင်ဆိုတာ လူတွေက အမင်္ဂလာလို့ သတ်မှတ်ကြတယ်လေ၊ အသက်ရှိနေတုန်းတော့ မင်္ဂလာပဲ၊ အမင်္ဂလာ ထင်ပြီးတော့ လူသေကောင်ဝတ်သွားတဲ့ အဝတ်တောင်မှပဲ ဘုန်းကြီးကျောင်းပို့တာ၊ အိမ်မထားဘူး၊ သူအိပ်သွားတဲ့ အိပ်ရာ ကုတင် ဘုန်းကြီးကျောင်း သွားပို့တယ်၊ ငယ်ငယ်တုန်းကတော့ အဲဒါတွေ

http://www.dhammadownload.com



လာပို့ရင် ကြောက်တယ်၊ ကုတင်တွေဆိုရင် စားပွဲလုပ်ပြီး တော့ ဘုန်းကြီးကျောင်း လာလှူတယ်၊ အိမ်မှာ မသုံးဘူး၊ ကုသိုလ်ရအောင် လုပ်ရင်တော့လည်း ကောင်းပါတယ်၊ အဲဒီလို မဟုတ်ဘူး၊ အိမ်မှာ အမင်္ဂလာဆိုပြီးတော့ မထားဘူး၊ သူ့အဝတ်တွေ အကုန်လုံး လိုက်ကာ ချုပ်တာတို့ နေရာထိုင်ချုပ်တာတို့ အကုန်လုံး လုပ်ပြီးတော့ မကောင်း ကျောင်းပို့ လုပ်တာပဲ၊ သို့သော် မပို့တာ ဘာတုန်းဆို စိန်နားကပ်တို့ ဘာတို့ကျတော့ မပို့ဘူး၊ သူသုံးသွားတဲ့ဟာတွေထဲက အသုံးမကျတာ တော့ ပို့တယ်၊ အသုံးကျတဲ့ သူပိုင်တဲ့ ရွှေတွေ ငွေတွေ ကျတော့ မင်္ဂလာရှိတယ်၊ အဲဒါကျတော့ မရရအောင် လိုက်ရှာတယ်၊ အဲဒါကျတော့ မင်္ဂလာရှိတယ်၊ ယူဆတယ်၊ ကျန်တာကျတော့ မင်္ဂလာ မရှိဘူးလို့ ယူဆတယ်၊ ဒါ လူတွေမှာ ဖြစ်နေပုံ ပြောပြတာ။

http://www.dhammadownload.com



အဲဒီတော့ သေသွားလို့ အလောင်းကောင်ကို မီးရှို့လိုက်တဲ့ထင်း၊ လူသေကောင်ကို မီးရှို့ထားတဲ့ထင်း၊ တစ်ဝက်တစ်ပျက် လောင်ထားတဲ့ထင်းစကို အိမ်ကို ထမင်းချက်ဖို့ယူလာတယ်လို့တော့ မကြားဖူးဘူး၊ မြတ်စွာဘုရားကလည်း ဥပမာပေးတယ်၊ ရှေ့တုန်းကတော့ မယူဘူး၊ အဲဒါ ဟိုဘက် ဒီဘက် မီးလောင်ထားတဲ့ ထင်းတုံးတဲ့၊ လူသေကောင်ကို ဖုတ်တဲ့ထင်းတုံး၊ ဟိုဘက်လည်း မီးလောင်ထားတယ်၊ ဒီဘက်လည်း မီးလောင်ထားတယ်၊ မြတ်စွာဘုရားက ထည့်လိုက်သေးတယ်၊ မီးမလောင်တဲ့ နေရာမှာ မစင်လူးနေသေးတယ်တဲ့။

ကဲ စဉ်းစားသာ ကြည့်၊ လူသေကောင်ဖုတ်တဲ့ ထင်း၊ ဟိုဘက် ဒီဘက်ကလည်း မီးကျွမ်းထားတယ်၊ အလယ်ကလည်း လူ့မစင်တွေနဲ့ ပေနေတယ်၊ အဲဒါ

http://www.dhammadownload.com



ဟာ တောထဲမှာလည်း အသုံးမဝင်ဘူး၊ ရွာထဲမှာလည်း အသုံးမကျဘူး၊ ဘယ်ဘက်မှ အသုံးမကျတဲ့ ထင်းတုံးပဲ၊ အခုလို ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ အများအကျိုး လည်း မလုပ်ဘူးဆိုတဲ့ပုဂ္ဂိုလ်ဟာ အဲဒီထင်းတုံးနဲ့ အလား တူတယ်လို့ မြတ်စွာဘုရားပြောတယ်၊ "ဆဝါလာတ" ဆိုတဲ့ ဒီအသုံးနဲ့ မြတ်စွာဘုရား ဟောတာ။

သို့သော် ဒီဥပမာ ခေတ်ပြောင်းတယ်လို့ ပြော ရမယ်၊ မြန်မာပြည်မှာတော့ မပြောင်းသေးဘူး၊ အိန္ဒိယ နိုင်ငံမှာ ပြောင်းသွားပြီ၊ ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ ရောက်တုန်းက Sanskrit University မှာနေတဲ့ ပါမောက္ခကြီးတစ်ယောက် မကျန်းမမာဖြစ်ပြီးတော့ ဆုံးသွားတယ်၊ ဆုံးသွားတဲ့အခါ သူ့အသုဘ လိုက်ပို့ ကြရတာပေါ့၊ ညကြီးလာပင့်လို့ ပရိတ်တွေ ဘာတွေ

http://www.dhammadownload.com



သွားပြီး ရွတ်ပေးရသေးတယ်၊ အသုဘချတဲ့နေ့ကျတော့ လိုက်ပို့တယ်၊ “ကုလားသေ ကပ်နဲ့ချ” ဆိုတာ ဟုတ်တယ်၊ ဘယ်လောက်ပိုက်ဆံ ချမ်းသာချမ်းသာ ဝါးစိမ်းတွေ ခုတ်ပြီးတော့ အဲဒီဝါးပေါ်မှာ တင်ပြီးထမ်းချတာပဲ၊ သယ် တုန်းကတော့ ကားနဲ့သယ်သွားတယ်၊ ရုပ်အလောင်းကြီး တစ်ခုလုံးကို ပိတ်တစ်အုပ်လုံး ကုန်အောင် ရစ်ပတ်ပြီး တော့ ထုတ်တယ်၊ ထုတ်ထားပြီးတော့ ဝါးကပ်ပေါ် တင်ပြီးတော့ ထမ်းသွားကြတာ၊ ထမ်းသွားရင်း ပါးစပ်က ဆိုတော့ ဘာဆိုတုန်းဆို “ရာမနာမ် ဆကျာဟဲ၊ ရာမနာမ် ဆကျာဟဲ” ဆိုတာပဲ၊ တစ်လမ်းလုံး ဆိုသွားတယ်။ “ရာမနာမ် ဆကျာဟဲ” ဆိုတာ ဘာ အဓိပ္ပါယ်တုန်း၊ “ရာမနာမ် ဆိုတာ ရာမဘုရားရဲ့ အမည် နာမတော်ဟာ။ ဆကျာဟဲ၊ မှန်ပါပေတယ်၊” ဒီလို

http://www.dhammadownload.com



ပြောတာတဲ့၊ ရာမဘုရားကို ကိုးကွယ်တာကို။ ကုလား မသာချရင် အဲဒီအတိုင်းပဲ "ရာမနာမ် ဆကျာဟဲ၊ ရာမနာမ် ဆကျာဟဲ" တစ်လမ်းလုံး ဟဲသွားတာပဲ၊ ရှေ့က တိုင်ပေးတဲ့လူက "ရာမနာမ်" လို့ဆိုတဲ့အခါ နောက်လိုက်ဆိုတဲ့ လူတွေက "ဆကျာဟဲ" အဲဒီလို ဆိုရတယ်၊ ကိုယ်လည်း ဝိုင်းပြီးတော့ ဆိုလိုက်ရတာပေါ့။

အဲဒီလို တစ်လမ်းလုံး ဆိုသွားပြီး ဟိုကျတော့ ဗာရာဏသီမြို့ မြစ်ကမ်းဘေးမှာ မီးသဂြိုဟ်တယ်၊ မီးသဂြိုဟ်တဲ့အခါ အဲဒီမှာ ထင်းတွေ ထောပတ်တွေ ထည့်ပြီးတော့ မီးသဂြိုဟ်တယ်၊ အတော်လေး လောင်ကျွမ်းပြီ ဆိုတဲ့အခါကျတော့ ပြန်ကြတာပေါ့၊ ပြန်ကြတော့ အဲဒီအနားနေတဲ့လူတွေက မီးသဂြိုဟ်တိုင်း စောင့်ကြည့်တယ်၊ ကာယကံရှင်တွေ ပြန်သွားပြီဆိုတာနဲ့

http://www.dhammadownload.com



အဲဒီ ထင်းတွေကို လာပြီးတော့ ယူကြတာ။ ဘာလုပ်ဖို့ တုန်းဆို အိမ်မှာ ထမင်းချက်စားဖို့ အဲဒီ ထင်းတွေကို ယူကြတာ မြင်ခဲ့ရတယ်ပေါ့။ တို့ဆီမှာတော့ မင်္ဂလာ မရှိဘူးဆိုပြီး ယူမှာမဟုတ်ဘူး၊ သူတို့ကျတော့ ကာယကံရှင်တွေလည်း ပြန်သွားရော ငြိမ်းပြီးတော့ ယူ မလောင်သေးတဲ့ အဆီအသားတွေကို ရေထဲပစ်ချ၊ အဲဒီလို ယူသွားကြတာ။

မြတ်စွာဘုရားကတော့ ရှေးခေတ် လူတွေရဲ့ ယုံကြည်ချက်အတိုင်း ဒီမှာ ဥပမာပေးထားတာ။ ဟိုဘက်ဒီဘက် မီးကျွမ်းနေတဲ့ လူသေကောင်ဖုတ်တဲ့ ထင်း၊ အလယ်ကောင်မှာ မစင်လူးနေတယ်၊ တောထဲ မှာလည်း အသုံးမဝင်ဘူး၊ တစ်စုံတစ်ခု အသုံးပြုမယ် ဆိုပြီး အိမ်ယူလာတော့လည်း မင်္ဂလာမရှိလို့ ဘယ်သူမှ

http://www.dhammadownload.com



အသုံးမချကြတော့ဘူး၊ အသုံးမဝင်တဲ့ လူသေကောင် ဖုတ်တဲ့ ထင်းစလိုပဲတဲ့ ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူတစ်ပါးအကျိုးလည်း မလုပ်ဘူး။ မြန်မာလူမျိုးတွေက ဘာပြောတုန်းဆို "ဆန်ကုန်မြေလေး"တဲ့။ ဆန်လည်း ကုန်တယ်၊ မြေလည်း လေးတယ်၊ ဘာမှ အကျိုးမရှိတဲ့ လူလို့ ဒီလိုပြောတာ၊ အဲဒီတော့ ဘုန်းကြီးတို့တတွေ ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူ့အကျိုးလည်း မလုပ်ဘူးဆိုတဲ့ လူစားမျိုးတော့ မဖြစ်သင့်ဘူး။

တစ်ခါ နံပါတ်(၂) သူများအကျိုးစီးပွားကို လုပ်ပြီး ကိုယ့်အကျိုးစီးပွားကို မလုပ်တဲ့လူ၊ နံပါတ်(၃)နဲ့ စာရင် တော်တယ်လို့ ပြောရမယ်၊ အတော်ဆုံးတော့ မဟုတ် ဘူး။

http://www.dhammadownload.com



စတုတ္ထအမျိုးအစားကျတော့ ဘာတုန်း၊ ‘အတ္တ ဟိတာယ စေဝ ပဋိပန္နော ပရဟိတာယစ”တဲ့၊ ကိုယ့်အကျိုးစီးပွားအတွက်လည်း လုပ်တယ်၊ သူများ အကျိုးစီးပွားအတွက်လည်း လုပ်တယ်တဲ့၊ အဲဒီ ပုဂ္ဂိုလ် ဟာ အကောင်းဆုံးပုဂ္ဂိုလ်တဲ့၊ ဘာနဲ့ ဥပမာပေးတုန်း ဆိုတော့ မြတ်စွာဘုရားက နွားကနေ နို့ဖြစ်တယ်၊ ဟုတ်တယ်၊ ဂဝါခီရံ နွားက နို့ကိုရတယ်၊ နို့ဟာ အကောင်းဆုံးလားဆိုတော့ မဟုတ်သေးဘူး၊ နို့ထက် ကောင်းတာ ဘာတုန်းဆိုဒိန်၊ ဒိန်က နို့ထက်ပိုကောင်း တယ်၊ (ဘာလို့ နို့မကောင်းတာတုန်းဆို နို့က ရေရောတာ များတာကိုး၊ နွားနို့က ရေရောထားတာ။)

တစ်ခါတုန်းက နွားနို့လာလာရောင်းတဲ့ ကုလား ကြီးတစ်ယောက်ပေါ့နော်၊ မန္တလေး ကျောင်းတိုက်

http://www.dhammadownload.com



တစ်တိုက်ထဲမှာ လာလာရောင်းတော့ ဦးဇင်းတွေက "ဒကာကြီး နွားနို့က ရေရောတယ် ထင်တယ်၊ မကောင်းဘူး"ဆိုတော့ "ဟာ မရောပါဘူး၊ မရောပါဘူး" "ကျုပ်က ရေရောတာ လိုချင်တာ၊ ရေမရောတာ မဝယ်ချင်ဘူး" ဆိုတော့ "နည်းနည်းတော့ ပါပါတယ်"တဲ့၊ ဘာဖြစ်လို့တုန်းဆို ညှစ်ကတည်းက ရေခံညှစ်တာလေ၊ မရောဘူးဆိုတာတောင်မှဘဲ ရေခံပြီးတော့ ညှစ်တာ၊ အောက်ကရေလေး ခံထားပြီးတော့မှ နွားနို့ ညှစ်ချလိုက်တဲ့အခါ ပလုံပလုံဆိုတဲ့အသံကြားမှ နွားကလည်း နို့ချပေးတယ်ထင်ပါရဲ့၊ အဲဒီအသံပလံ ကြားရအောင် သူက ရေထည့်ထားရတယ်၊ လမ်း ရောက်တဲ့အခါ ထပ်ရော ထပ်ရောဆိုတော့ နို့က အရောင်လေးပဲ ပါတော့တာ။

http://www.dhammadownload.com



ဒီတော့ နွားနို့ဆိုတာ အကောင်းမဟုတ်ဘူး၊ နွားနို့ရေခမ်းအောင် ကျိုလိုက်တဲ့အခါ ဒမိဆိုတဲ့ ဒိန် ဖြစ်လာတယ်၊ အဲဒါက နွားနို့ထက် ကောင်းတယ်၊ သူ့အကောင်းဆုံးလားဆိုတော့ မဟုတ်သေးဘူး၊ နို့ထွက် ပစ္စည်းထဲမှာ သူက အကောင်းဆုံးမဟုတ်ဘူး၊ ဒမိဆိုတဲ့ ဒိန်ကို ချက်လိုက်တဲ့အခါကျတော့ ဘာဖြစ်လာတုန်းဆို နဝနီတဆိုတဲ့ ဆီဦး၊ ဒိန်ကိုချက်တဲ့အခါ အဆီလေးတွေ ပေါ်လာတယ်၊ အဲဒီဆီဦးက အလွန်ကောင်းတယ်တဲ့၊ ဒါဖြင့် ဆီဦးဟာ အကောင်းဆုံးလား ဆိုတော့ မဟုတ် သေးဘူး၊ ဆီဦးကို ထပ်ပြီး ချက်လိုက်တဲ့ အခါကျတော့ ဘာဖြစ်လာလဲ၊ ထောပတ်ဖြစ်လာတယ်၊ အဲဒီထောပတ် ဟာ ကောင်းတယ်၊ ဒါဖြင့် ထောပတ်အကောင်းဆုံးလား ဆိုတော့ မဟုတ်သေးဘူး၊ ထောပတ်ထဲမှာ အနယ်တွေ ပါသေးတယ်၊ ထပ်ပြီး ချက်လိုက်တဲ့အခါ "ထောပတ်

http://www.dhammadownload.com



ကြည်” ဆိုတာရတယ်၊ နို့ထွက်ပစ္စည်းထဲမှာ ထောပတ်ကြည်ဟာ အကောင်းဆုံးပဲ။ အကောင်းဆုံးဆိုတာ အနှစ်အပြည့်ဆုံးကို ပြောတာ။

နွားကနေ နို့၊ နို့ကနေ ထွက်တဲ့ပစ္စည်းထဲမှာ ထောပတ်ကြည်ဟာ အကောင်းဆုံးပဲ၊ အဲဒီကျရင်တော့ အနှစ်ချည့်ပဲ၊ ဒါ မြတ်စွာဘုရားပေးထားတဲ့ ဥပမာ၊ မြတ်စွာဘုရားက ဂဝါ ခီရံ နွားကနေ နို့ရတယ်၊ ခီရမှာ ဒဓိ နို့ကနေ ဒိန်ဖြစ်တယ်၊ ဒဓိမှာ နဝနီတံ၊ နို့ခမ်းကနေ ဆီဦးဖြစ်တယ်၊ နဝနီတမှာ သပ္ပိ ဆီဦးကနေ ထောပတ်ဖြစ်တယ်၊ သပ္ပိမှာ သပ္ပိမဏ္ဍော ထောပတ်ကြည်ကျတော့ အကောင်းဆုံးပဲတဲ့၊ နို့ကထွက်တဲ့ပစ္စည်းထဲမှာ ထောပတ်ကြည်ဟာ အနှစ်အပြည့်ဆုံးပဲလို့ ဒီလိုဆိုတာ။

အဲဒါလိုပဲတဲ့၊ နံပါတ်(၄) ကိုယ့်အကျိုးစီးပွားလည်း လုပ်တယ်၊ သူများအကျိုးစီးပွားလည်း လုပ်တယ်ဆိုတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က အကောင်းဆုံးသော ပုဂ္ဂိုလ်၊ အချိုးမွမ်းထိုက်သော ပုဂ္ဂိုလ်ပါလို့ ဆဝါလာတသုတ်မှာ မြတ်စွာဘုရားက ဒီလိုဟောတယ်။

အဲဒီတော့ ဒီသုတ္တန်နှစ်ခုကို ကြည့်လိုက်တယ်ဆိုရင် ပုဂ္ဂိုလ်လေးမျိုး လူလေးမျိုးကို ခွဲခြားပြပြီးတော့ ဘယ်ဟာကောင်းတယ်လို့ ဒီသုတ္တန်နှစ်ခုအရသိရတယ်။ မသိရသေးတာ ဘာလဲ၊ အတ္တဟိတ လုပ်တယ်ဆိုတာ ဘာလဲ၊ ပရဟိတ လုပ်တယ်ဆိုတာ ဘာလဲ၊ သေသေချာချာ ကွဲကွဲပြားပြား မသိရသေးဘူး။

မြတ်စွာဘုရားက ပရဟိတလုပ်ငန်း ဆိုတာကို သိက္ခာပဒသုတ်မှာ ဘယ်လိုရှင်းပြတုန်းဆို လူတစ်ယောက်ဟာတဲ့၊ နံပါတ်တစ် ကိုယ့်ကျိုးစီးပွားတော့ လုပ်တယ်၊ သူတစ်ပါးအကျိုးစီးပွားတော့ မလုပ်ဘူး

http://www.dhammadownload.com



ဆိုတာ ဘာလဲဆိုပြီးတော့ မြတ်စွာဘုရားက အဆင့်မြင့် အတ္တဟိတ အဆင့်မြင့် ပရဟိတ ဒီအလုပ်တွေကို ပြောတယ်။

လူတစ်ယောက်ဟာ မိမိကိုယ်တိုင်တော့ သူများ အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ သူများရဲ့ ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်၊ သူတစ်ပါး သားမယား ပြစ်မှားခြင်းမှ ရှောင်ကြဉ်တယ်၊ လိမ်လည် ပြောကြားခြင်း မှ ရှောင်ကြဉ်ပြီး မူးယစ်ဆေးဝါးက ရှောင်ကြဉ်တယ်၊ ဒါ အတ္တဟိတပဲ၊ ကိုယ်ကိုယ်တိုင် ကောင်းအောင် နေတယ်၊ ကိုယ်ကိုယ်တိုင် ငါးပါးသီလ လုံတယ်၊ ဒါပေမယ့်လို့ သူများငါးပါးသီလ လုံအောင် တိုက်တွန်း နှိုးဆော်ပေးတာ မရှိဘူး၊ သူတော့ ကောင်းတယ်၊ သူ့ပတ်ဝန်းကျင်ကလူတွေ ကောင်းအောင် မလုပ်နိုင်ဘူး၊

http://www.dhammadownload.com



အဲဒါဟာ အတ္တဟိတ ကိုယ်ကျိုးစီးပွားလုပ်ပြီး အများရဲ့ အကျိုးစီးပွားကို မလုပ်သူလို့ မြတ်စွာဘုရားက သတ်မှတ်တယ်၊ ဒါ အဆင့်မြင့်ပရဟိတ၊ အဆင့်မြင့် ဆိုပေမယ့် အခြေခံပဲ ရှိသေးတယ်၊ ဒီထက် အဆင့် မြင့်တာ လာဦးမယ်၊ ငါးပါးသီလနဲ့ ပတ်သက်ပြီး ဒီလိုဟောတယ်။

နောက်တစ်ယောက် သူများ အကျိုးစီးပွားသ... လုပ်ပြီး ကိုယ့်အကျိုးစီးပွားမလုပ်တဲ့ ပုဂ္ဂိုလ်က ဘယ်လို တုန်းဆိုတော့ သူများတော့ ငါးပါးသီလလုံစေတယ်၊ ကိုယ်ကျတော့ မလုံဘူး ဆိုတဲ့ပုဂ္ဂိုလ်မျိုး၊ သူများကျတော့ ငါးပါးသီလလုံအောင် တိုက်တွန်းပြီးတော့ ပေးတယ်၊ ကိုယ်ကျတော့ တိတ်တဆိတ် အရက်ကလေး မြည်းနေ တယ်၊ ဘီယာလေးနဲ့ဆိုတော့၊ အဲဒီပုဂ္ဂိုလ်ကတော့ ဒါ

http://www.dhammadownload.com



သူများကိုတော့ ငါးပါးသီလလုံစေတယ်၊ ကိုယ်ကတော့ ငါးပါးသီလ မလုံဘူးဆိုတဲ့ ပုဂ္ဂိုလ်သည် ပရဟိတသာ လုပ်ပြီးတော့ အတ္တဟိတ မလုပ်ရာ ရောက်တယ်တဲ့၊ ဒီလိုဆိုတာ။

ဒါဖြင့် နှစ်ခုစလုံး မလုပ်ဘူးဆိုတော့ ကိုယ်တိုင်လည်း ငါးပါးသီလ မလုံဘူး၊ သူတစ်ပါးကိုလည်း ငါးပါးသီလလုံအောင် တိုက်တွန်းနှိုးဆော်မှု မပေးဘူး ဆိုတဲ့ပုဂ္ဂိုလ်ဟာ ခုနက သူသေကောင် ဖုတ်တဲ့ထင်းလိုပဲ၊ ကိုယ်လည်း ငါးပါးသီလမလုံဘူး၊ သူများကိုလည်း လုံအောင် လုပ်မပေးနိုင်ဘူး။ နံပါတ်သုံးပုဂ္ဂိုလ်သည် အညံ့ဆုံးပုဂ္ဂိုလ်ပဲတဲ့။

နံပါတ်လေးပုဂ္ဂိုလ်ကျတော့ မိမိကိုယ်တိုင်က လည်း ငါးပါးသီလလုံခြုံတယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com



ကိုလည်း ငါးပါးသီလလုံဖို့ တိုက်တွန်းနှိုးဆော်ပေးတယ်၊ သူ့ကို အကြောင်းပြုပြီးတော့ ငါးပါးသီလလုံတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာတယ်၊ အဲဒီပုဂ္ဂိုလ်ကျတော့ အကောင်းဆုံးသောပုဂ္ဂိုလ်။

စဉ်းစားကြည့်နော်၊ ပရဟိတ ပရဟိတလို့ဆိုတာ ဘယ်ဟာ အရေးကြီးဆုံးလဲ စဉ်းစားကြည့်၊ ဒါ မြတ်စွာဘုရားဟောထားတာကို နမူနာယူ၊ အကောင်းတွေ ကိုယ်ကိုယ်တိုင်လည်း လုပ်တယ်၊ သူများတွေကိုလည်း တိုက်တွန်းပေးတယ်။

ဆိုပါစို့- ကိုယ်ကိုယ်တိုင်ကလည်း ဆွမ်းလောင်းတယ်၊ သူများကိုလည်း ဆွမ်းလောင်းအောင် တိုက်တွန်းပေးတယ်၊ ဒါလည်း အတ္တဟိတ ပရဟိတ၊ ကိုယ်တိုင်လည်း ဥပုသ်စောင့်တယ်၊ သူများကိုလည်း ဥပုသ်စောင့်ဖို့

http://www.dhammadownload.com



ခေါ်တယ်၊ ကိုယ်တိုင်လည်း တရားနာတယ်၊ သူတစ်ပါး ကိုလည်း တရားနာဖို့ တိုက်တွန်းပေးတယ်၊ အတ္တဟိတ ပရဟိတ ဒီလိုဆိုလိုတာနော်။

အင်မတန်ကောင်းတဲ့ မြတ်စွာဘုရားဟောတဲ့ တရားတော်ကို ချဲ့ပြီးတော့ ကြည့်၊ မိမိကိုယ်တိုင်လည်း ကမ္မဋ္ဌာန်းဘာဝနာတရားကို အားထုတ်တယ်၊ သူများ ကိုလည်း ပွားများအားထုတ်စေတယ်၊ ကောင်းတဲ့ လုပ်ငန်းလုပ်သမျှ အခြေခံသီလက စပြီးတော့ ကောင်းတဲ့အလုပ်မှန်သမျှ ကိုယ်တိုင်လည်း လုပ်တယ်၊ သူများကိုလည်း လုပ်စေတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် အတ္တဟိတလည်း လုပ်တယ်၊ ပရဟိတလည်း လုပ်တယ် ဆိုတဲ့အဓိပ္ပါယ် ရတယ်၊ ဒါကိုပြောတာ၊ ကိုယ်တိုင် ကလည်း နေ့စဉ် ဘုရားရှိခိုးတယ်၊ သူတစ်ပါးကိုလည်း

http://www.dhammadownload.com



ဘုရားရှိခိုးဖို့ တိုက်တွန်းတယ်၊ အတ္တဟိတ ပရဟိတ နှစ်ခုစုံပြီးတော့ လုပ်ရမယ်လို့ မြတ်စွာဘုရားက သိက္ခာပဒသုတ်မှာ ငါးပါးသီလကိုသာ အခြေခံအနေနဲ့ ဟောတာ။

ကိုယ်တိုင်လည်း ဥပုသ်စောင့်တယ်၊ သူများကိုလည်း ဥပုသ်စောင့်စေတယ်၊ ဒီလိုဆိုတာ၊ ကောင်းတဲ့ဘက်ကို ချဲ့ပြီးတော့ ကြည့်ရမယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ အကောင်းဆုံးပဲလို့ သိက္ခာပဒသုတ္တန် အရ မှတ်သားကြရမယ်၊ အတ္တဟိတ ပရဟိတလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက အဆင့်တစ်ခုကို ဖော်ပြတာ။

နောက်ထပ် ခိပ္ပနိသန္တိဆိုတဲ့သုတ်အရ အတ္တဟိတ ပရဟိတနဲ့ ပတ်သက်ပြီးတော့ မှတ်သားရမယ်၊ ခိပ္ပနိသန္တိဆိုတာ ငါးပါးသီလထက် ပိုအဆင့်မြင့်လာတယ်၊

http://www.dhammadownload.com



အတ္တဟိတက ဘာကို ပြောတာလဲဆိုရင် ဒီလောကမှာ အချို့ပုဂ္ဂိုလ်တွေက ကုသိုလ်တရားနဲ့ ပတ်သက်ပြီးတော့ လျှင်လျှင်မြန်မြန် ထက်ထက်မြက်မြက် သိနိုင်စွမ်း အသိပညာ ရှိတာယ်၊ ကုသိုလ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ထက်မြက်တယ် သိတယ်၊ ခိပ္ပနိသန္တိ လျှင်လျှင်မြန်မြန် သဘောပေါက်တယ်၊ ကုသိုလ်လုပ်ငန်း ကုသိုလ်တရားတွေနဲ့ ပတ်သက်ပြီးတော့ လျှင်လျှင်မြန်မြန် သဘောပေါက်တယ်ဆိုတာ ဒါ အတ္တဟိတတဲ့၊ ကိုယ့်အကျိုးတစ်ခုပဲ။

နောက်တစ်ခုက ဘာတုန်းဆိုရင် သုတာနဥ္စ မ္မာနံ ဓာရဏဇာတိကော၊ တရားနာတယ် သုတ၊ စာပေကျမ်းဂန်တွေ ဖတ်ရှုတယ် သုတ၊ မြတ်စွာဘုရားဟောတဲ့ တရားတွေကို နားထောင်တယ်၊

http://www.dhammadownload.com



သူများဖတ်ပြတာ နားထောင်တာပဲဖြစ်ဖြစ် စာအုပ်ဖတ်တာပဲဖြစ်ဖြစ် တရားနာတာပဲဖြစ်ဖြစ် သူတကြားနာတာ၊ ဘုရားဟောတဲ့တရားတွေကို ကြားနာပြီးတော့ ရင်ထဲနှလုံးသားထဲမှာ မှတ်သားထားတယ်၊ ဒါ အတ္တဟိတပဲ၊ တရားနာခြင်းသည် အတ္တဟိတ၊ တရားနာပြီးတော့ တရားကို မှတ်သားထား ခြင်းသည် အတ္တဟိတ၊ ကိုယ့်အတွက် အလုပ်လုပ် နေတယ်ဆိုတာ သဘောပေါက်ဖို့ ကိုယ့်အတွက် အလုပ်လုပ်နေတာ အသိပညာတွေ တိုးတက်ဖို့ အတွက်။

နောက်တစ်ခုက ဘာတုန်း၊ တရားဆိုတာ နာပြီး မှတ်သားထားရုံနဲ့ မပြီးသေးဘူး၊ ဓာတာနဉ္စ မမ္မာနံ အတ္ထုပပရိက္ခာ၊ မှတ်သားထားတဲ့ တရားဓမ္မတွေရဲ့ အနက်အဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားတယ်၊ အမှတ်တမဲ့

http://www.dhammadownload.com



မနေဘူး၊ အကြောင်းအကျိုးဆင်ခြင် စဉ်းစားရမယ်၊ ဟုတ်တယ် မဟုတ်ဘူး၊ ယုတ္တိရှိတယ် မရှိဘူး၊ အကြောင်းအကျိုး ဆီလျော်မှု ရှိတယ် မရှိဘူးဆိုတာ တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ အလေးအနက် ဆင်ခြင်စဉ်းစားမှု ရှိရမယ်တဲ့ ဒါလည်း အတ္တဟိတပဲ။

နောက်တစ်ခုက ဘာတုန်းဆို အတ္တမညာရ ဓမ္မမနသာရ ဓမ္မာနုဓမ္မပဋိပန္နော၊ ကိုယ်မှတ်သားထားတဲ့ စကားလုံးရဲ့အနက်အဓိပ္ပါယ် အဲဒါတွေကို သိရှိနားလည်ပြီးတော့ ဓမ္မဆိုတဲ့ လောကုတ္တရာ တရားဖက်ကို ဦးတည်နေတဲ့ အနုဓမ္မဆိုတဲ့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်၊ ပုဗ္ဗဘာဂ မဂ္ဂလို့ဆိုတဲ့ ဝိပဿနာကျင့်စဉ် ကျင့်ကြံကြိုးကုတ် အားထုတ်တာကို ဓမ္မာနုဓမ္မပဋိပန္န၊ ဓမ္မ+အနုဓမ္မ၊ ဓမ္မဆိုတာ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်၊

http://www.dhammadownload.com



အနုဓမ္မဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ သီလ၊ သမာဓိ၊ ပညာ (သို့မဟုတ်) မဂ္ဂင်ရှစ်ပါးအကျင့်တရား၊ ဒီလိုဆိုလိုတယ်၊ အဲဒါကို လက်တွေ့ကျင့် သုံးတယ်။

တရားနာ၊ တရားနာပြီးတော့ မှတ်သားထားတယ်၊ အဓိပ္ပါယ်အတိုင်း လက်တွေ့ကျင့်သုံးတယ်၊ ဒါ အတ္တဟိတ လို့ ခေါ်တယ်။

ဒီမှာ အတ္တဟိတဆိုတာကို ကုသိုလ်တရားတွေနဲ့ ပတ်သက်ပြီးတော့ သဘောပေါက်နားလည်တာ နံပါတ်တစ်။ ကြားနာထားတဲ့ တရားဓမ္မတွေကို စွဲစွဲမြဲမြဲ မှတ်သားထားတာ၊ နံပါတ်(၂)။ မှတ်သားထားတဲ့ တရားဓမ္မတွေရဲ့ အနက်အဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားတာ၊ နံပါတ်(၃)။ အနက်အဓိပ္ပါယ်ကို သိပြီးတော့ လက်တွေ့ ကျင့်သုံးတာ နံပါတ်(၄)လို့ အဆင့်လေးဆင့်နဲ့ ပြောတယ်၊ အဲဒါဟာ အတ္တဟိတပဲ၊ ဒီလိုဆိုလိုတာ။

http://www.dhammadownload.com



ဒီတော့ အတ္တဟိတကို ပြည့်ပြည့်စုံစုံ လုပ်ဖို့ လိုတယ်၊ တရားပွဲတော့ လာတယ်၊ တရားတော့ နာတယ်၊ တရားပွဲက ထပြန်တာနဲ့ ဘာမှမကျန်ဘူး၊ "ရယ်စရာလည်း မပါဘူး၊ ဒီနေ့တရားကြီးက ပျင်းခြောက်ကြီး"ဆိုပြီးတော့ သွားရင် အဲဒါ ဘာမှပါမှာ မဟုတ်ဘူး၊ အသိဉာဏ်တွေရဖို့ တရားနာရင်ရတယ်၊ မှတ်သားထားပြီးတော့ လက်တွေ့ဘ၀မှာ ဘယ်လို အသုံးချရမလဲဆိုတာကို သိရမယ်၊ အနက်အဓိပ္ပါယ်ကို သိပြီးတော့ ဘာလုပ်ရမယ်၊ ဒီကနေ့ဟောတဲ့ တရားထဲမှာ အတ္တဟိတ ပရဟိတ အတ္တဟိတဆိုတဲ့လုပ်ငန်း ဘယ်လိုလုပ်ရမှာလဲ၊ ထင်နေတဲ့ အတ္တဟိတလား၊ လောကမှာ လူတွေကတော့ အတ္တဟိတဆိုလို့ရှိရင် ကိုယ်ဝ,ဖို့ ကိုယ်စားဖို့ ကိုယ်လှဖို့က လူတိုင်းလုပ်တာပဲ လေ၊ တိရစ္ဆာန်တွေလည်း လုပ်တာပဲ။

http://www.dhammadownload.com



အဲဒီတော့ တကယ့်အတ္တဟိတဆိုတာ အခုလို တရားနာတယ်၊ တရားနာပြီး မှတ်သားတယ်၊ မှတ်သားပြီး အနက်အဓိပ္ပါယ် စဉ်းစားတယ်၊ စဉ်းစားပြီး လက်တွေ့ကျင့်သုံးတယ်၊ ဒါ အတ္တဟိတပဲ၊ အဆင့်မြင့်တဲ့ အတ္တဟိတတစ်ခု၊ အခုလိုအခြေအနေတွေနဲ့ နာယူ မှတ်သားပြီးတော့ ကျင့်သုံးတယ်၊ ပရဟိတမလုပ်ဘူး ဆိုတာ ဘာကိုဆိုလိုတာတုန်းဆိုတော့ တရားပွဲက ပြန်လာပြီးတဲ့ နောက်မှာ ဓမ္မ နာတော့ နာတာပဲ၊ မပြောပြတတ်ဘူးဆိုရင် အဲဒါ ပရဟိတ မလုပ်ရာ ကျတယ်ပေါ့။

တရားနာမလိုက်ရတဲ့ပုဂ္ဂိုလ်ကို ပြန်ပြီးတော့ ပြောပြရမယ်၊ တရားအဓိပ္ပါယ်က ဘယ်လိုဆိုတာ တဆင့်ပြောတာ၊ အဲဒီလိုပြောတဲ့ ပုဂ္ဂိုလ်မှာလည်း

http://www.dhammadownload.com



အရည်အချင်း ရှိရသေးတယ် သူက ကလျာဏ ဝါစောတဲ့ ကောင်းကောင်းပြောတတ်တယ်၊ ကလျာဏ ဝါက္ကရဏော၊ ပီပီပြင်ပြင် စကားလုံးတွေကို အသုံးပြုပြီး တော့ ပြောတတ်တယ်၊ စကားအနေနဲ့လည်း ပေါရိယာ ဝါစာယ သမန္နာဂတော၊ ဒါ ဘုရားဟောတဲ့ အတိုင်း ပြောတာနော်၊ မြို့မှာနေတဲ့ လူတွေရဲ့ယဉ်ကျေးတဲ့ စကားနဲ့ပြည့်စုံတယ် ဝိသဒ္ဒ၊ ရှင်းလင်းတယ်၊ ပြတ်သား တယ်၊ အနေလဂလာယ စကားလုံးတွေ ကျကျန်တာ မရှိဘူး၊ ပြည့်ပြည့်စုံစုံ ပြောတတ်တယ်၊ အတ္ထဿ ဝိညာပနိယာ ဆိုလိုတဲ့ အဓိပ္ပါယ်ကို ရှင်းကနဲ လင်းကနဲ ဖြစ်သွားအောင် ပြောတယ်၊ အဲဒီစကားမျိုး ပြောတတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်တဲ့၊ ပရဟိတလုပ်ချင်တဲ့ပုဂ္ဂိုလ်က ခုနကလို တရားနာပြီးတော့ ပြန်ပြောနိုင်တဲ့ စွမ်းရည် သတ္တိမျိုး ရှိရတယ်၊ ဒီလိုဆိုလိုတာ။

http://www.dhammadownload.com



အဲဒီလိုစွမ်းရည်သတ္တိ ရှိပြီးတဲ့အခါ ဘာလုပ်လဲ သံန္ဒဿကော ဟောတိ သမာဒပကော၊ သမုတ္တေဇကော၊ သမ္ပဟံသကော၊ သပြဟွစာရီနံ၊ ကိုယ့်အပေါင်းအသင်းတွေကို သံန္ဒဿက တရားဆိုတာ ဘယ်လို ထင်သာမြင်သာရှိအောင် ရှင်းလင်းပြောပြတတ်တယ်၊ ပြောပြပြီးတော့ လက်ခံကျင့်သုံးစေတယ်= သမာဒပက၊ စိတ်အားတွေ တက်စေတယ်= သမုတ္တေဇ၊ ရွှင်လန်းအားရစေတယ်= သံမ္ပဟံသက၊ အဲဒါမျိုးကို တဆင့်ပြောပြတတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရမယ်၊ ဒီလိုဆိုလိုတယ်။

အဲဒီတော့ မေ့နဲ့ပတ်သက်ပြီး ပရဟိတလုပ်မယ်ဆိုလို့ရှိရင် စကားကို ပြတ်ပြတ်သားသား ပြောတတ်တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ရမယ်၊ ကိုယ့် အပေါင်းအသင်း ပတ်ဝန်းကျင်ကိုလည်း ပြတ်ပြတ်သားသား ရှင်းရှင်း

http://www.dhammadownload.com



လင်းလင်း အဓိပ္ပါယ်နားလည်အောင် ရှင်းပြတတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်၊ အဲဒီလို ရှင်းပြတာ ပရဟိတပဲ၊ အများနားလည်အောင် ပညာပေးတာ၊ ဓမ္မနဲ့ပတ်သက်တဲ့ပညာ လောကီနဲ့ ပတ်သက်တဲ့ပညာ ဒါ ပရဟိတထဲမှာ အကြုံးဝင်တယ်၊ မြတ်စွာဘုရားက ဓမ္မပညာ အမြင့်ဆုံးကိုသာ ပြောတာ၊ ကိုယ်သိထားတဲ့ ပညာရပ်တစ်ရပ်ကို ပတ်ဝန်းကျင်တွေ ရှင်းလင်းနားလည်အောင် ရှင်းပြတာလည်း ပရဟိတပဲပေါ့၊ ကိုယ်က ပညာသင်ထားတယ်၊ သင်ထားတဲ့ ပညာတွေကို ဖြန့်ဖြူးပေးတယ်။

ပညာဆိုတဲ့နေရာမှာ အပြစ်ကင်းတဲ့ ပညာမျိုးကိုသာယူရမယ်၊ ဒီနေရာမှာ ငါးမျှားနည်းပညာ ဘယ်လိုမျှားရတယ်ဆိုတာ ပြောရမှာ မဟုတ်ဘူး၊ အကောင်ပလောင်သတ်တာ ဘယ်လို သတ်ရမယ် ပြောတာ မဟုတ်ဘူး။

http://www.dhammadownload.com



အဲဒီတော့ အခုလို မိမိတတ်ထားတဲ့ ပညာရပ်တွေကို တစ်ဖက်သား နားလည်အောင် ဖြန့်ဖြူးတယ်၊ မိမိကိုယ်တိုင် လေ့လာတာက အတ္တဟိတ၊ တစ်ဖက်သား နားလည်အောင် ပြောပြတာက ပရဟိတ၊ ဒီသုတ္တန်အရ ဒီလိုနားလည်ရမယ်၊ အတ္တဟိတလည်း လုပ်ရမယ်၊ ပရဟိတလည်း လုပ်ရမယ်၊ ဒီလိုဆိုတာ။ ပညာပေးဟောပြောတာလည်း ပရဟိတလုပ်ငန်း တစ်ခုပဲတဲ့၊ ဒါက ခိပ္ပနိသန္တိသုတ္တန်အရ မှတ်သားကြရတာ။

နောက်သုတ္တန်တစ်ခုက ရာဂဝိနယသုတ် တဲ့၊ ရာဂဝိနယ ဆိုတာ တွယ်တာမှုတွေကို ရှင်းပစ်တယ်၊ ဒေါသဝိနယဒေါသကိုဖယ်ရှားပစ်တယ်၊ မောဟဝိနယ တွေဝေမှုတွေကို ဖယ်ရှားပစ်တယ်၊ ဒီအဆင့်၊ ဒါကျတော့ အဆင့်အမြင့်ဆုံးဖြစ်သွားပြီ၊ အတ္တဟိတ လုပ်ငန်း

http://www.dhammadownload.com



ပရဟိတလုပ်ငန်းမှာ ဒါက အဆင့်မြင့်ဆုံး လုပ်ငန်း၊ မြတ်စွာဘုရားဟောတဲ့ တရားဟာ ဘယ်တော့ဖြစ်ဖြစ် အဆင့်ကို မြှင့်ပြီးဟောတာ၊ ဘာဖြစ်လို့တုန်းဆို လူတွေကို အောက်တန်းချဟောရင် အောက်တန်းက တက်မှာမှ မဟုတ်တာ၊ တရားက မြင့်နေတယ်၊ လူတွေက မလိုက်နိုင်ဘူးဆိုရင် ဆွဲတင်၊ တချို့ကျတော့ မဟုတ်ဘူး၊ လူတွေက အဆင့်နိမ့် လို့ တရားကို အဆင့်နိမ့်ဟောရင် ပြန်နိမ့်သွားမှာပဲလေ၊ အောက်ဝင်သွားမှာ။ အဲဒီလို မဟုတ်ဘူး၊ ဆွဲတင်၊ ဆွဲတင်ပေးလို့ရှိရင် လူက မြင့်တက်လာမှာပေါ့။ ငယ်တုန်းက ဟိုးခပ်ဝေးဝေးက ဘုရားတောင်ထိပ်က ရွှေမြင်တင်ဘုရား ဖူးမလား၊ ဖူးမယ်လို့ပြောရင် နားရွက်ဆွဲမ,တာ ခံရတယ်။ အဲဒါလိုပဲ ဆွဲတင်ရမှာ။

http://www.dhammadownload.com



ဒီတော့ ရာဂဝိနယသုတ္တန်မှာကတော့ ကြည့် အတ္တဟိတဆိုတာ ဘာခေါ်တာတုန်း၊ ကိုယ်တိုင်က ရာဂကင်းဖို့ ကြိုးစားနေတယ်၊ ကျင့်ကြံနေတယ်၊ အားထုတ်နေတယ်၊ ဒေါသကင်းဖို့ ကြိုးစားနေတယ်၊ ကျင့်ကြံနေတယ်၊ အားထုတ်နေတယ်၊ မောဟကင်းဖို့ ကြိုးစားနေတယ်၊ ကျင့်ကြံနေတယ်၊ အားထုတ်နေတယ်၊ ကိုယ့်သန္တာန်မှာရှိတဲ့ ရာဂ ဒေါသ မောဟ တွေ ကင်းအောင် ကြိုးစားနေတာ၊ ရာဂဝိနယာယ ပဋိပန္နောတဲ့၊ ကိုယ့်အကျိုးစီးပွားအတွက်၊ ဘုန်းကြီး တို့တတွေရဲ့သန္တာန်မှာ တွယ်တာမှုဆိုတဲ့ ရာဂတွေ ရှိနေတယ်။

တွယ်တာက နံပါတ်တစ် ကိုယ့်ကိုယ်ကို တွယ် တာတယ်၊ ကိုယ့်ဘဝကို တွယ်တာတယ်၊ ကိုယ့်ဘဝကို

http://www.dhammadownload.com



တွယ်တာတာကို အကြောင်းပြုပြီး တွယ်တာမှုကို တိုးချဲ့လိုက်တဲ့အခါ နောက်တစ်ယောက် ရောက်လာတယ်၊ တွယ်တာမှုက ဒုတိယနောက်တစ်ခု ဖြစ်လာတယ်၊ အဲဒီထဲမယ်၊ ပစ္စည်းဥစ္စာတွေ တွယ်တာတာတွေ ပါသေးတယ်၊ ဘဝကိုတွယ်တာတာ၊ တွယ်တာရင်းကတော့ ကိုယ့်ကိုယ်ကို တွယ်တာတာပဲ၊ ကိုယ့်ကိုယ်ကို တွယ်တာရာက ပစ္စည်းဥစ္စာတွေ တွယ်တာတယ်၊ တွယ်တာပြီးတဲ့အခါ နောက်တစ်ယောက် တွယ်တာဖို့ ကြိုးစားတယ်၊ နောက်တစ်ယောက် တွယ်တာဖို့ ကြိုးစားရာကနေပြီးတော့ သုံးယောက် လေးယောက် ငါးယောက်နဲ့ မပြတ်နိုင်တော့ဘူး၊ တွယ်တာမှုတွေ တိုးချဲ့သွားတာ၊ အဲဒီလိုပဲ ဝမ်းတွေသာလျှ သားသမီးတွေနဲ့ မြေးတွေနဲ့ မြစ်တွေနဲ့ဆိုပြီး ပျော်နေကြတာ၊ ဘယ်

http://www.dhammadownload.com



တွယ်တာမှုတွေ လျှော့အောင်လုပ်တာ ဟုတ်မလဲ၊ တိုးချဲ့နေတာ။

ကိုယ့်အကျိုးစီးပွားဆိုတာ တွယ်တာမှုကို လျှော့ချရမယ်၊ တွယ်တာမှုကို ဘာဖြစ်လို့ လျှော့ချရမလဲ၊ လူ့ဘဝဟာ အတွယ်လေးရှိမှ ပျော်စရာကောင်းတယ်လို့ ထင်တဲ့လူက ထင်နေဦးမှာလေ။

တွယ်တာမှုရဲ့အပြစ်ကလေးကို စဉ်းစားကြည့်၊ တွယ်တာမှုကြောင့် ငရဲကျတယ်လို့ပြောတာ မဟုတ်ဘူး၊ တွယ်တာမှုရှိပြီး ပစ္စည်းကိုပဲ တွယ်တွယ်, လူကိုပဲ တွယ်တွယ်, တွယ်တာမှုဆိုတဲ့ ရာဂမကောင်းလို့ရှိရင် ဘာဖြစ်လဲဆို လူတွယ်ရင် သူ့အတွက် သောက ဖြစ်တယ်၊ ပစ္စည်းတွယ်ရင် အဲဒီ ပစ္စည်းအတွက် သောက၊ ရင်ထဲမှာ မအေးတဲ့ဟာ ဖြစ်လာတာဟာ

http://www.dhammadownload.com



တွယ်တာမှုရဲ့ အပြစ်ပဲ၊ တခြား အသေးကြီးမရှာနဲ့၊ ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုခုအပေါ်မှာ သောကဆိုတာ လူတွေမှာ ရှိကြတယ်၊ ပိုက်ဆံများများ ချမ်းသာလေလေ သောကများများ ဖြစ်လေ၊ မြန်မာစကားလည်း ရှိတယ် မဟုတ်လား၊ "မရှိတောင့်တ ရှိကြောင့်ကျ" ကြောင့်ကျ ဆိုတာ သောကကို ပြောတာ၊ မရှိရင်တော့ ရှိချင်တာ၊ တောင့်တာ၊ ရှိလာတော့ ဘာဖြစ်လဲ၊ သောကဖြစ် လာတယ်၊ ဘယ်သူ့ပေါ်မှ သောကမရှိရင် ကိုယ့်ကိုယ်ကို သောက ဖြစ်တယ်၊ လူတွေက တစ်ခါတလေပြောတယ်၊ သားတွေသမီးတွေ ကြီးကုန်ပြီ၊ တို့ကတော့ အေးအေး ဆေးဆေးပဲ၊ ဘယ်အေးမှာတုန်း၊ မအေးလို့တဲ့ တယ်လီ ဖုန်းဆက်ပြီး "နေကောင်းကြလား" လှမ်းမေးနေတာ၊ သူကသာ အေးတယ် ထင်နေတာလေ၊ မလာလို့ရှိရင်

http://www.dhammadownload.com



"ဟုတ်ပဲ မလာကြဘူးလား၊ ဖုန်းလေးမှ ဆက်ဖော်မရဘူး"နဲ့ ဆိုပြီး ပြောသေးတယ်၊ အဲဒီလို ကြောင့်ကျမှုတွေဟာ ဘယ်သူ့ကြောင့် ဖြစ်ရတာလဲလို့ဆိုရင် ဒီရာဂကြောင့် ဖြစ်တာ၊ အဲဒီရာဂကို ဖယ်ရှားဖို့ ကြိုးစားရမယ်တဲ့၊ ဒီလို ဆိုလိုတာနော်။

အဲဒီရာဂကိုပယ်နိုင်မှ ကိုယ်ကျိုးကိုယ့်စီးပွားက အပြည့်အဝရမယ်၊ စိတ်နှလုံးအေးချမ်းမှု ဆိုတဲ့ ကိုယ်ကျိုးတရား အပြည့်အဝရမယ်၊ ရာဂကို ပယ်နိုင်ဖို့ ကြိုးစားရမယ်။

ဒေါသကို ပယ်နိုင်ဖို့ ကြိုးစားရမယ်၊ ဒေါသဆိုတဲ့ တရားကလည်း ကြည့်လေ၊ လူတိုင်း သဘောပေါက်ပါ တယ်၊ စိတ်ထဲမှာ အလိုမကျတဲ့ ဒေါသဖြစ်ကြည့်ပါလား၊ မျက်နှာကြီး နီရဲသွားတယ်၊ နှလုံးခုန်တွေ မြန်လာတယ်၊

http://www.dhammadownload.com



တချို့ကျတော့ ဒေါသကို မထိန်းနိုင်တဲ့အခါ ဘာဖြစ်သွားလဲ၊ သွေးတက်တာတို့ သွေးတိုးသွားတာတို့ ဦးနှောက်သွေးကြောပြတ်သွားတာတို့ ဖြစ်ကုန်တယ်၊ ဒီဘဝတင်ပဲ ဖြစ်တာ။

ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ ဒေါသအလျောက် ပြောလိုက်မိပြီဆိုရင် "ငါပြောလိုက်တာ မှားလိုက်တာ"လို့ ရင်ထဲမှာ ပူဆာတယ်၊ ဒါ အနည်းဆုံး၊ ဟိုတစ်ဖက်ကလည်း ပြန်ပြီးတော့ ကိုယ်ဒေါသနဲ့ ပြောလိုက်တဲ့ စကားကို မကျေနပ်လို့ ရန်ဖြစ်ဖို့မယ် (သို့မဟုတ်) တရားစွဲမယ်ဆိုရင် ပြဿနာမပြီးတော့ဘူး၊ ဆက်သွားတယ်၊ ဒီလိုဆိုလိုတာ၊ ဒီဘဝတင်ပဲ problem တွေ အများကြီးလာတာ၊ ဒေါသမထိန်းနိုင်လို့ လူသတ်မှု

http://www.dhammadownload.com



ဖြစ်ပွားတယ်၊ ပြဿနာတွေ ဆင့်ကဲဆင့်ကဲ ရောက်လာတယ်၊ ဒါကြောင့်မို့ အဲဒီဒေါသကို ဖယ်ရှားရမယ်။

ဒေါသမပယ်နိုင်သည့် ပုဂ္ဂိုလ်သည် ကိုယ့်ကိုယ်ကို သတ်သေတာတို့ နောက်ဆုံးမှာ ကိုယ့်ရဲ့ကျေးဇူး အကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်တဲ့ မိဘသတ်တာတို့ ဒါမျိုးတွေ ဖြစ်လာတယ်၊ ညီအစ်ကိုမောင်နှမချင်း သတ်တာတို့ ဒါတွေဟာ အားလုံးဒေါသရဲ့ အပြစ်ချည်းပဲ၊ အဲဒီလို ဒေါသရဲ့အပြစ်တွေကို ဆင်ခြင်ပြီးတော့ ဒေါသကင်းအောင် ကြိုးစားခြင်းသည် ကိုယ့်အကျိုး ကိုယ့်စီးပွားလုပ်တာပဲ၊ အတ္တဟိတလုပ်ငန်းတစ်ခုပဲ၊ ဒီလိုပြောတာ။

မောဟဆိုတာက ဘာလဲ? မောဟဆိုတာ တွေဝေနေတာ၊ တွေဝေတယ်ဆိုတာ လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိတာ၊ မသိတော့ မလုပ်သင့်တာကို

http://www.dhammadownload.com



လုပ်သင့်တယ်လို့ထင်တယ်၊ လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ထင်တယ်၊ မှားမှားယွင်းယွင်းတွေ ဖြစ်တယ်၊ ဘာလုပ်လုပ် လွဲကုန်တယ်၊ လွဲကုန်တော့ ဘာဖြစ်လဲ၊ ပြဿနာတွေ တက်တယ်၊ အဲဒါမောဟကြောင့် ဖြစ်တာ၊ လွဲလွဲမှားမှားတွေ ဖြစ်ပြီး အကျိုးစီးပွားတွေ ဆုံးရှုံးကုန်တယ်၊ စီးပွားရေးတွေ ပျက်တယ်၊ လူမှုရေးတွေ ပျက်တယ်၊ ပညာရေးတွေ ပျက်တယ်၊ ဒါ မောဟက ပျက်ဆီးတာ။

ဒါကြောင့်မို့လို့ နောင်ဘဝ ငရဲကျတာ မကျတာ အသာထား၊ ဒီဘဝတင်ပဲ ဆိုးကျိုးတွေမဖြစ်ဘူး၊ အဲဒါကြောင့် ဒီတွေဝေမှုဆိုတဲ့ မောဟကို ဖယ်ရှားနိုင်ရမယ်၊ ဘာနဲ့ဖယ်ရှားမလဲ၊ ပညာနဲ့ ဖယ်ရှားမယ်။

http://www.dhammadownload.com



ရာဂဆိုတာ ဘာနဲ့ဖယ်ရှားရမလဲ၊ တွယ်တာမှုကို ပြတ်အောင်၊ လူကို တွယ်တာလို့ရှိရင် အသုဘဘာဝနာ ပွားပြီးတော့ ဖယ်ရှားရမယ်၊ မြန်မာတွေကတော့ အသုဘဆိုတာ သေတဲ့လူသေတွေပဲ အောက်မေ့တာ၊ အသုဘဆိုတာ မတင့်မတယ် ရွံစရာဖွယ်တွေကို စဉ်းစားပြီး ရာဂကို ဖယ်ရှားတာ၊ လူကိုတွယ်တာလို့ရှိရင် ရွံစရာ တွေကို တွေးပြီးတော့ပယ်၊ ပစ္စည်းကို တွယ်တာလို့ရှိရင် မမြဲတဲ့သဘောကို စဉ်းစားပြီးတော့ ဖယ်ရှား၊ ဒါ ထွက်ပေါက်တွေပဲ။

ဘယ်လိုစဉ်းစားမတုန်း?၊ စိန်နားကပ်ကလေးပေါ် တွယ်နေတယ်ဆိုပါစို့၊ ဒီစိန်နားကပ်လေးက ငါ မဝတ်ရက်ပဲ ထားလို့ရှိရင်လည်း တစ်နေ့ကျတော့ ပျက်စီးသွားမှာပဲ၊ "ငါကသော်လည်း ပစ္စည်းကို စွန့်၊

http://www.dhammadownload.com



ငါကသော်လည်း ငါ့ကို စွန့်၍ တွယ်တာနေလို့ အပိုပဲ၊ အသုံးဝင်တဲ့ပစ္စည်း အသုံးအဆောင်အဖြစ် သုံးရမှာပဲလို့ အဲဒီစိတ်နဲ့ထားရင် တွယ်တာမှုကို လျှော့ချပြီးသား ဖြစ်သွားမယ်၊ ဒီလိုဆိုလိုတာ၊ ပစ္စည်းတွယ်ရင် အနိစ္စသညာနဲ့ ပွား၊ လူတွယ်လို့ရှိရင် မတင့်မတယ် ရွံစဖွယ်တွေကို စဉ်းစားပြီး ဖယ်ရှားတဲ့။

ဒေါသ၊ ဒေါသကြီးနေပြီဆိုရင် ဘာနဲ့ ပယ်ရမလဲ၊ မေတ္တာနဲ့ ပယ်ရမယ်၊ မေတ္တာ ဘာဝေတဗ္ဗာ၊ ဒေါသဿ ပဟာနာယတဲ့၊ ဒေါသကို ပယ်ဖို့အတွက် မေတ္တာကိုပွား၊ မေတ္တာဆိုသည်မှာ အကျိုးစီးပွါးကို လိုလားသည့်စိတ်၊ အကျိုးစီးပွါးကို လိုလားသည့်စိတ်သည် တည်ဆောက် တော့မယ်ဆိုရင် "ကောင်းကွက်ကိုရှာ၊ မေတ္တာကိုပွါး" ဆိုတဲ့အတိုင်း လူတွေဆိုတာ ဘယ်သူပဲဖြစ်ဖြစ်

http://www.dhammadownload.com



အဆိုးနဲ့အကောင်း ရောနေမှာပဲ၊ အဆိုးကို စဉ်းစား ရသမျှ ဒေါသပွားနေမှာပဲ၊ ဒါကြောင့်မို့ အဆိုးကို မကြည့်နဲ့ ကောင်းတာလေးကို တွက်ကြည့်၊ ဒီဘက်က သူတော်တယ်၊ ချမ်းသာပါစေ၊ ကြီးပွားပါစေ၊ ဟော အကျိုးစီးပွားကို လိုလားတဲ့မေတ္တာ သက်ရောက်တဲ့ စိတ်မျိုးဖြစ်အောင် ကိုယ့်ကိုယ်ကို ဆင်ခြင်ပြီး မေတ္တာပွားတဲ့၊ မေတ္တာပွားရင် ဒေါသကို လျော့ချလို့ ရတယ်။

ပညာဖြစ်အောင် သတိဆောင်ပြီးတော့ ပွါးများ မယ်ဆိုရင်တော့ မောဟပယ်ဖို့အတွက် စာပေဖတ်ရှု ရမယ်၊ တရားနာရမယ်၊ စဉ်းစားရမယ်၊ ဆင်ခြင်ရမယ် ဆိုလို့ရှိရင် မောဟဟာ နည်းပါးနည်းပါး သွားမယ်။

http://www.dhammadownload.com



အဲဒီလို ကိုယ့်သန္တာန်မှာရှိတဲ့ စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့ လောဘတွေ ဒေါသတွေ မောဟတွေဆိုတဲ့ ဒီသဘာဝတရားတွေ ဖယ်ရှားဖို့ရန် ကြိုးစားနေတယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ အတ္တဟိတ လုပ်နေတယ်လို့ပြောရမယ်။ သူများကိုတော့ လောဘပယ်ဖို့ ဒေါသပယ်ဖို့ မောဟပယ်ဖို့ မတိုက်တွန်းဘူး ဟောပြောမပေးဘူးဆိုလို့ရှိရင်တော့ ပရဟိတမလုပ်ဘူးလို့ ဒီလိုပြောရမှာပဲ၊ သူများကိုတော့ ဟောပါရဲ့၊ ကိုယ်တိုင်ကျတော့ လောဘကြီး လိုက်တာ၊ ဒေါသကြီးလိုက်တာ မောဟကြီးလိုက်တာ၊ ကိုယ်ကိုယ်တိုင်ကျတော့ လောဘမလျှော့နိုင်ဘူး၊ သူများကိုတော့ လျှော့ကြတဲ့၊ သူကျတော့နှမြောနေတယ်၊ အဲဒါကျတော့ ပရဟိတသာဖြစ်ပြီး အတ္တဟိတ မလုပ်တာနဲ့ အတူတူပဲ၊ ဒီလိုဆိုလိုတာပေါ့။

http://www.dhammadownload.com



ကိုယ်တိုင်လည်း လောဘ ဒေါသ မောဟ ပယ်ဖို့ မကြိုးစားဘူး၊ သူများကိုလည်း မတိုက်တွန်းဘူး ဆိုလို့ရှိရင်တော့ ကိုယ့်အကျိုးလည်း မလုပ်ဘူး၊ သူ့အကျိုးလည်း မလုပ်ဘူးဆိုတဲ့ အသုံးမကျတဲ့ လူစားမျိုး ဖြစ်တယ်ပေါ့။

ကိုယ်ကိုယ်တိုင်ကလည်း လောဘ ဒေါသ မောဟ ဖယ်ရှားလို့ ကြိုးစားနေတယ်၊ သူများကိုလည်း လောဘ ဒေါသ မောဟ ဖယ်ရှားဖို့ လောဘ ဒေါသ မောဟတွေရဲ့အပြစ်ကို ဖော်ပြပြီးတော့ သူ့နည်းတူ ဖယ်ရှားနိုင်အောင် တိုက်တွန်းနှိုးဆော်ပေးတယ်။

ဆိုပါစို့ - မြတ်စွာဘုရားကို ကြည့်၊ မြတ်စွာဘုရားဟာ ကိုယ်တိုင်တရားမွေကို ရှာဖွေပြီးတော့ ကိုယ်တိုင်သိတဲ့အခါမှာ ဗုဒ္ဓဂယာ မဟာဗောဓိပင်

http://www.dhammadownload.com



အောက်မှာ ကိလေသာတွေကို ဖယ်ရှားတယ်၊ မိမိသန္တာန်မှာရှိတဲ့ လောဘ ဒေါသ မောဟ တွေကို ဖယ်ရှားပြီးသား ဖြစ်သွားတယ်၊ သူ့ရဲ့ကိုယ်ကိုးစီးပွား ပြည့်ပြည့်ဝဝရတယ်၊ ပြီးတဲ့အခါ ဓမ္မစကြာတရားဦး ကနေစပြီး တရားဓမ္မတွေကို ရှင်းလင်းဟောပြောတယ်၊ ရာဂပယ်ဖို့ဒေါသပယ်ဖို့ မောဟပယ်ဖို့တရားဓမ္မတွေကို ဟောပြောပြသတယ်၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ မဟာနာမ် အဿဇိလို့ ဆိုတဲ့ ပဉ္စဝဂ္ဂီ ငါးပါးဟာ ဓမ္မစကြာတရား ဟောပြီးတဲ့နောက် အဆင့်ဆင့် သောတာပန်ဖြစ်သွားပြီး နောက်ဆုံး အနတ္တလက္ခဏာ သုတ်ကို နာရတဲ့အခါမှာ ရဟန္တာဖြစ် သွားကြတယ်ပေါ့၊ လောဘ ဒေါသ မောဟတွေ ကင်းသွားကြတယ်။

အဲဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဒီရှုထောင့်ကနေကြည့်ရင် အတ္တဟိတလည်း

http://www.dhammadownload.com



အကောင်းဆုံး ပြည့်ပြည့်ဝဝ ကျင့်သုံးတယ်၊ ပရဟိတ ကိုယ်လည်း အကောင်းဆုံးဖြစ်အောင် ကျင့်သုံးတယ်လို့ ဒီလိုမှတ်ရမယ်၊ ဒီလိုဆိုတာ၊ ဒါက အဆင့်မြင့်တဲ့ ပရဟိတလုပ်ငန်းပဲ၊ အဆင့်အမြင့်ဆုံးဖြစ်တဲ့ ပရဟိတ လုပ်ငန်းဟာ ဒီလုပ်ငန်းပဲဖြစ်တယ်။

ဒီတော့ အလုပ်လုပ်ပြီဆိုလို့ရှိရင် အတ္တဟိတ လည်း လုပ်ရမယ်၊ ပရဟိတလည်း လုပ်ရမယ်၊ အတ္တဟိတ မလုပ်ဘဲနဲ့ ပရဟိတ လုပ်ရင်လည်း အကောင်းလို့ ပြောလို့မရဘူး၊ ပရဟိတ မလုပ်ဘဲ အတ္တဟိတ လုပ်ရင်လည်း အကောင်းမဟုတ်ဘူး၊ အတ္တဟိတရော ပရဟိတပါ စွယ်စုံလုပ်နိုင်တဲ့ ပုဂ္ဂိုလ်မှ လောကမှာ အကောင်းဆုံးပုဂ္ဂိုလ် ဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာက ဒီသုတ္တန်ငါးရပ်မှာ ဟောကြားတော် မူခဲ့တာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ တရားချစ်ခင်သူတော်စင် ပရိသတ်အပေါင်းတို့ - ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ အတ္တဟိတနဲ့ ပရဟိတကို သေသေချာချာ မှတ်သား နားလည်ထားကြပြီး မိမိတို့ကိုယ်တိုင် ပြုလုပ်ရမယ့် အတ္တဟိတလုပ်ငန်း ပရဟိတလုပ်ငန်း ဆိုတာတွေကို ရှင်းရှင်းလင်းလင်းသိပြီး အမြင့်ဆုံး အတ္တဟိတ အမြင့်ဆုံး ပရဟိတလုပ်ငန်းတွေ လုပ်နိုင်အောင် တို့တွေ ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com


၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com


၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘေသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိယာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com


၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စာဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ

http://www.dhammadownload.com

http://www.dhammadownload.com